နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 120, August 17, 2021)

၁။ ဈေးမှပြန်လာသော ဝိုင်းမော်ဒေသခံတစ်ဦး စစ်ကောင်စီ ၅၈ တပ်ရင်းအနီး ပစ်ခတ်ခံရ

၂။ ကာမိုင်း မအူပင်ကျေးရွာ စစ်ကောင်စီအောက် ပြည်သူ့စစ်ခေါင်းဆောင် ပစ်သတ်ခံရ

၃။ ဖားကန့် ဌာနေသား အခွင့်အရေးကြိုးပမ်းသူ ဆရာလမောင် လတောင် ကွယ်လွန်

၄။ ဝိုင်းမော် ရပ်ကွက် (၃) စစ်ရှောင်စခန်းတွင် အစားအသောက်နှင့် ဆေးဝါးပစ္စည်းများ ကူညီပေးဖို့ လိုအပ်နေ

၅။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျကာ စစ်ရှောင်ပြည်သူတစ်ဦး သေဆုံး

၆။ တော်လှန်ရေးမှာ ပါးနပ်ဖို့ လိုကြောင်း၊ လူမိုက်လုပ်ပြီးတော်လှန်ရေး လုပ်လို့မရကြောင်း KNPP ပြော

၇။ ဒီးမော့ဆိုအနောက်ခြမ်းရှိ စစ်ဘေးရှောင်စာသင်ကြားမှု ကိုဗစ်ကြောင့် ရပ်တန့်ရ

၈။ ဖယ်ခုံမြို့နယ်အတွင်း PDF ပူးပေါင်းတပ်ဖွဲ့နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ (၁၁)နာရီဝန်းကျင်အကြာ တိုက်ပွဲဖြစ်ပွားခဲ့

၉။ တိုက်ပွဲကြောင့် မတိမ်းရှောင်နိုင်တဲ့ သက်ကြီးရွယ်အိုတစ်ဦး သေဆုံး

၁၀။ လွိုင်ကော်အရှေ့ဘက်ရှိ စစ်ရှောင်စခန်းမှာ ကိုဗစ်ပိုးတွေ့ရှိသူ ၄၇ ဦးထိရှိလာ

၁၁။ KNLA တပ်ရင်း(၁၉)ဒုရင်းမှူး ဗိုလ်မှူးစောဘလယ်စေး ကွယ်လွန်

၁၂။ အာဇာနည်များ၏ ချမှတ်ထားသည့် လမ်းစဉ်အတိုင်း ယုံကြည်စွာ လျှောက်လှမ်းရန် KNLA ဒုစစ်ဦးစီးချုပ် တိုက်တွန်းပြောဆို

၁၃။ ကရင်အချင်းချင်း သွေးမခွဲ၊ စိတ်ဝမ်းမကွဲကြရန် KNU ဝင်းရေးမြို့နယ်ဥက္ကဌ တိုက်တွန်း

၁၄။ ကန်ပက်လက်တွင် စစ်ကောင်စီမှ ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးနေ

၁၅။ ကလေးနှင့် ချင်းပြည်နယ် နယ်စပ်အနီး ယနေ့တိုက်ပွဲဖြစ်ပွားမှု စကစတပ်သား ၃ ဦးသေဆုံး

၁၆။ UNICEF ၏ ထောက်ပံ့ပစ္စည်းများအား မင်းတပ်မြို့ပေါ် စစ်ဘေးရှောင်စခန်းတွင် စတင်ဖြန့်ဝေ

၁၇။ ၉-လကျော်ကြာငြိမ်သက်နေသောရခိုင်တွင် စစ်ရေးလှုပ်ရှားမှုများရှိလာ၍ တိုက်ပွဲများပြန်ဖြစ်မည်ကို ဒေသခံများစိုးရိမ်

၁၈။ ကျောက်တော်မြို့နယ် တောင်မင်းကုလားရွာစစ်ဘေးရှောင်စခန်းအနီးတွင် စစ်ပွဲလက်ကျန်ဗုံးသီးကြီးတစ်လုံးတွေ့၊ ကြောက်လန့်၍ ဒေသခံများဟင်းရွာထင်းခုတ်မသွားနိုင်ဘဲဖြစ်နေရ

၁၉။ နမ့်ခမ်း ကိုဗစ်ကူးစက်မှုနှုန်း လျော့ကျလာ

၂၀။ မိုင်းငေါ့စစ်ရှောင်စခန်းအနီး လက်နက်ကြီးကျ၊ စစ်ရှောင်နေရာပြောင်းရန် ပြင်ဆင်နေ

၂၁။ နမ့်စန် စကစ တပ် SSSG – PDF မှ တိုက်ခိုက်သည့်သတင်း ဌာနေ ပြည်သူ့စစ် မသိရှိ

၂၂။ ကိုဗစ် စစ်ဆေးရေးဂိတ်တွင် စစ်ကောင်စီတပ်သားများ သေနတ်ကိုင်ပြီးစောင့်

၂၃။ ကျောက်မဲ နောင်ဆင်စစ်ရှောင် (၂)ဦး ကြိုးမိုင်းထိ (၁)ဦးဒဏ်ရာပြင်းထန်

၂၄။ မိုင်းရယ်မြို့နယ်အတွင်း ချောင်းရေလျှံမှုကြောင့် လယ်ပေါင်းများစွာ ရေလွှမ်း

*************************

## ၁။ ဈေးမှပြန်လာသော ဝိုင်းမော်ဒေသခံတစ်ဦး စစ်ကောင်စီ ၅၈ တပ်ရင်းအနီး ပစ်ခတ်ခံရ

**13th August 2021**

ဝိုင်းမော်မြို့ စစ်ကောင်စီ ၅၈ တပ်ရင်းမှ သေနတ်ပစ်ခတ်မှုကြောင့် ဈေးမှ ပြန်လာသော ဒေသခံအမျိုးသမီး ကျည်ထိမှန်ကာ လဲကျနေသည်ကို ယနေ့ညနေပိုင်းက တွေ့ရကြောင်း ဒေသခံများပြောသည်။

ဩဂုတ် ၁၃ ရက်နေ့ ယနေ့ည ၅နာရီဝန်းကျင်မှစကာ ခလရ (၅၈) တပ်ရင်းသည် လက်နက်ကြီးငယ်ဖြင့်ပစ်ခတ်နေပြီး ဝိုင်းမော်ဘက်မှ ဆိုင်ကယ်ဖြင့်ပြန်လာသည့် အမျိုးသမီးငယ်တစ်ဦးကို သေနတ်ထိမှန်ကာ လဲကျနေကြောင်း ဒေသခံ တစ်ဦးက ပြောသည်။

သေနတ်ထိမှန်သည့် အမျိုးသမီးသည် ကလေးမိခင်တစ်ဦးဖြစ်ပြီး ဂူယန်ငေါ့ချန်းရပ်ကွက်မှ ဒေါ်ဆောင်ပြုံး ဆိုသူဖြစ်ကြောင်း သိရသည်။ ဝိုင်းမော် ခလရ ၅၈ တပ်ရင်းသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ညစဉ် လက်နက်ကြီး ပစ်ခတ်မှုကြောင့် လူနေအိမ်များထိခိုက်ကာ သေဆုံးမှုများ ရှိနေသည်ကို တွေ့ရပါသည်။

https://burmese.kachinnews.com/2021/08/13/aug-13-z1/

*******************

## ၂။ ကာမိုင်း မအူပင်ကျေးရွာ စစ်ကောင်စီအောက် ပြည်သူ့စစ်ခေါင်းဆောင် ပစ်သတ်ခံရ

**13th August 2021**

ဖားကန့်မြို့နယ် ကားမိုင်းမြို့အနီးရှိ မအူပင်ကျေးရွာ၏ အာဏာသိမ်းစစ်တပ်အောက် ပြည်သူ့ စစ်ခေါင်းဆောင် ဦးတင်အောင်သည် ဩဂုတ်လ ၁၁ရက်နေ့က ပစ်သတ်ခဲ့ရကြောင်း သိရသည်။

ပစ်သတ်ခံရသည့် ပြည်သူ့စစ်ခေါင်းဆောင်မှာ ကားမိုင်းမြို့မှ နန့်ယားသို့ NOAH ကားဖြင့် ပြန်လာခဲ့ရာ လမ်းတွင်သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်ဟု ကားမိုင်းဒေသခံတစ်ဦးက KNG သတင်းဌာနကိုပြောဆိုခဲ့သည်။ ပြည်သူ့စစ်ခေါင်းဆောင် ဦးတင်အောင် သေဆုံးမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းက ပစ်သတ်သွားသည်ကို မသိရသေးကြောင်းနှင့် ကားမိုင်းမြို့ ရဲတပ်ဖွဲ့လည်း လိုက်လံစစ်ဆေးနေသေးကြောင်း သိရသည်။

ဦးတင်အောင်သည် ယခင်က မအူပင်ကျေးရွာအတွင်း ပြည်သူ့စစ်ဂိတ်ချတပ်စွဲနေထိုင်သူဖြစ်ပြီး စစ်တပ် အာဏာသိမ်းပြီး ကချင်ပြည်နယ်တွင် တိုက်ပွဲ ပြန်လည်ဖြစ်ပွားလာသဖြင့် နန့်ယားပြည်သူ့စစ်အဖွဲ့နှင့် သွားရောက် ပူးပေါင်းနေထိုင်ခဲ့ကြောင်း ဒေသခံများ ပြောဆိုချက်မှ သိရသည်။ https://burmese.kachinnews.com/2021/08/13/aug-13-y2/

********************

## ၃။ ဖားကန့် ဌာနေသား အခွင့်အရေးကြိုးပမ်းသူ ဆရာလမောင် လတောင် ကွယ်လွန်

13th August 2021

ဖားကန့် ဌာနေသား အခွင့်အရေးကြိုးပမ်းကာကွယ်သူ ကချင်အမျိုးသားလူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Amyusha Zinlum Hpung)၏ ဥက္ကဋ္ဌ ဆရာ လမောင်လတောင် သည် ယနေ့ မွန်းလွဲပိုင်း ၃ နာရီခန့်တွင် ကွယ်လွန်သွားကြောင်း သိရသည်။

ဆရာလမောင်လတောင်သည် အသက် ၅၆ နှစ်အရွယ်ရှိပြီး ဖားကန့် Amyusha Zinlum Hpung ၏ ဥက္ကဋ္ဌဖြစ်သလို ဖားကန့် ကချင် နှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ဆရာတစ်ပါးလည်းဖြစ်သည်။

ဆရာသည် အထူးသဖြင့် ဖားကန့် ဒေသခံဌာနေသားတို့၏ အခွင့်အရေးအတွက် ကြိုးစားဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။

https://burmese.kachinnews.com/2021/08/13

******************

## ၄။ ဝိုင်းမော် ရပ်ကွက် (၃) စစ်ရှောင်စခန်းတွင် အစားအသောက်နှင့် ဆေးဝါးပစ္စည်းများ ကူညီပေးဖို့ လိုအပ်နေ

13th August 2021

ဝိုင်းမော်မြို့ ရပ်ကွက် (၃)ရှိ စစ်ရှောင်စခန်း အမှတ် ၂ တွင် Covid-19 lock down ပြုလုပ်လိုက်သောကြောင့် အစားအသောက်နှင့် ဆေးဝါးပစ္စည်းများ ကူညီထောက်ပံ့ပေးမှု လိုအပ်နေကြောင်း စစ်ရှောင်များထံမှ သိရသည်။

ပြီးခဲ့သော ဇူလိုင် ၁၄ ရက် နောက်ပိုင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့ပေါ် ရပ်ကွက်များတွင် Covid-19 ရောဂါကူးစက်မှု နှုန်းများပြားလာသည့်အတွက် ၎င်းတို့ စစ်ရှောင်စခန်းကိုလည်း အသွားအလာကန့်သတ်လိုက်သောကြောင့် အစားအသောက် အလှူခက်ခဲသွားကြောင်း စစ်ရှောင်တာဝန်ခံ တစ်ဦးက KNG သတင်းဌာနကို ပြောဆိုခဲ့သည်။

အဆိုပါစစ်ရှောင်းများသည် ၂၀၁၈ ခုနှစ်တွင် အင်ဂျန့်ယန် တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများဖြစ်ကာ စစ်ရှောင် အိမ်ထောင်စု ၈၁ ခုနှင့် လူဦးရေ ၄၀၀ နီးပါးရှိကြောင်း သိရသည်။

https://burmese.kachinnews.com/2021/08/13/aug-13-y1/

********************

## ၅။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျကာ စစ်ရှောင်ပြည်သူတစ်ဦး သေဆုံး

12th August 2021

ကချင်လွတ်လပ်ရေးအဖွဲ့ KIO ထိန်းချုပ်နယ်မြေ မဂါးယန် စစ်ရှောင်စခန်းတွင် ဩဂုတ် ၁၂ ရက်နံနက်အစောပိုင်းက မိုးသည်း ထန်စွာ ရွာသွန်းမှုကြောင့် ကမ်းဘေးမြေပြိုမှုဖြစ်ကာ စစ်ရှောင်ပြည်သူတစ်ဦး မြေပြိုမှုတွင် မျှောပါသေဆုံးသွားကြောင်း စခန်း တာဝန်ခံ ထံမှ သိရသည်။

မြေပြိုမှုကြောင့် စစ်ရှောင်စခန်းအတွင်း နေအိမ် ၅ ခု ရေထဲမျှောပါသွားသည့်အပြင် နေအိမ်(၁၀)ခုသည်လည်း ပျက်ဆီးဆုံးရှုံးသွားကြောင်း သိရသည်။ ရေကြီးမှုကြောင့် စစ်ရှောင်စခန်းအတွင်း သွားလာသော ရပ်ကွက်လမ်းများ မြေပြိုပိတ်ဆို့သွားသောကြောင့် လူအားဖြင့် မရှင်းလင်းနိုင်သည့်အခြေအနေ ဖြစ်နေကြောင်း သိရသည်။

မဂါးယန်စစ်ရှောင်စခန်းသည် ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စစ်ကောင်စီတပ်များ၏ ထိုးစစ်ကြောင့် တရုတ်နယ်စပ်တွင် ထပ်ဆင့်ရွှေ့ပြောင်းခဲ့ရသော စခန်းဖြစ်သည်။ https://burmese.kachinnews.com/2021/08/12/aug-12-z1/

******************

## ၆။ တော်လှန်ရေးမှာ ပါးနပ်ဖို့ လိုကြောင်း၊ လူမိုက်လုပ်ပြီးတော်လှန်ရေး လုပ်လို့မရကြောင်း KNPP ပြော

August 17, 2021

ရန်သူကို ရင်ဆိုင်တိုက်ခိုက်တဲ့နေရာမှာ ပါးနပ်ဖို့လိုပြီး လူမိုက်လုပ်ပြီးတော်လှန်လို့ မရကြောင်း ဒီကနေ့ ဩဂုတ်လ (၁၇)ရက်နေ့မှာ ကျရောက်တဲ့ ကရင်နီပြည်တပ်မတော်နေ့မှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး-၁ ခူးဒယ်နီယာယ်က ပြောဆိုလိုက်ပါတယ်။

ကရင်နီပြည်ဟာ ၁၉၄၈ မတိုင်မီမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိပြီး သီးခြားလွတ်လပ်တဲ့ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်ခဲ့ပေမယ့် ၁၉၄၈ ခုနှစ်မှာ ဗမာပြည်လွတ်လပ်ရေးပြီးနောက် ဖဆပလ တပ်မှ သီးခြားလွတ်လပ်တဲ့ ကရင်နီပြည်ကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ကျူးကျော်ဝင်ရောက်လာတဲ့ ရန်သူတပ်ကိုခုခံတော်လှန်ရန် ဩဂုတ်လ (၁၇)ရက်နေ့မှာ ကရင်နီတပ်မတော်ကို ဖွဲ့စည်းခဲ့ပြီး တော်လှန်ရေးကို ဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။

ဩဂုတ်လ (၁၇)ရက်နေ့မှာ ကျရောက်တဲ့ (၇၃)နှစ်မြောက် ကရင်နီပြည်တပ်မတော်နေ့မှာ ကရင်နီပြည်တပ်မတော်မှ မိမိတို့ရဲ့သစ္စာအဓိဋ္ဌာန်များကို ဦးထိပ်ပန်ဆင်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီရဲ့ နိုင်ငံရေးဦးဆောင်မှုအောက်မှာ ကရင်နီပြည်နဲ့ကရင်နီအမျိုးသားတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အကာအကွယ်ပေးမယ့်တပ်မတော်အဖြစ် ခိုင်မာစွာ ရပ်တည်သွားကြရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဗဟိုဌာနချုပ်ရဲ့ သဝဏ်လွှာမှာ အသိပေးထားပါတယ်။

https://www.kantarawaddytimes.org/?p=13679

********************

## ၇။ ဒီးမော့ဆိုအနောက်ခြမ်းရှိ စစ်ဘေးရှောင်စာသင်ကြားမှု ကိုဗစ်ကြောင့် ရပ်တန့်ရ

August 16, 2021

ကရင်နီပြည်နယ်မှာ ဖြစ်ပွားလျက်ရှိတဲ့ တိုက်ပွဲများကြောင့် ပြည်သူအများအပြား ဘေးလွတ်ရာကို ပြောင်းရွှေ့ခဲ့ကြရပါတယ်။ စစ်ဘေးရှောင်ပြည်သူတွေထဲမှာ ပညာသင်ကြားရမယ့် ကလေးသူငယ်အရွယ်များလည်း ပါဝင်နေတာဖြစ်ပြီး ၄င်းတို့ရဲ့ ပညာရေးနောက်နေးမသွားစေဖို့ ကြိုးစားပေမယ့်လည်း တစ်ချို့ကျေးရွာတွေမှာတော့ လက်ရှိ ဖြစ်ပွားနေတဲ့ covid ကပ်ရောဂါကြောင့် ရပ်တန့်လိုက်ရတယ်လို့ သိရပါတယ်။

ဒီးမော့ဆိုမြို့နယ် အနောက်ဖက်ခြမ်း ဟိုဝမ်အထက်ကျေးရွာမှာလည်း ပြီးခဲ့တဲ့ ဂျွန်လ တုန်းက တစ်လတာ ကလေးတွေကို စာသင်ကြားပေးခဲ့ပေမယ့်လည်း လိုအပ်ချက်အခက်အခဲများ ရှိနေတဲ့အတွက်ကြောင့် ဆက်မသင်ပေးဖြစ်ဘူးလို့ သိရပါတယ်။ မူလတန်းကနေ အထက်တန်းထိ စာသင်ကြားပေးခဲ့တာဖြစ်ပြီး စာသင်ချိန်တစ်လတာအတွက် ထောက်ပံ့ပေးမယ့်အဖွဲ့အစည်း ရှိခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အထောက်အပံ့မရရှိတော့တဲ့အတွက် ဆက်သင်ကြားနိုင်ဖို့ ခက်ခဲသွားတာဖြစ်တယ်လို့ သိရပါတယ်။

စာသင်ချိန်ကာလမှာလည်း ကျောင်းသား၊ ကျောင်းသူ တစ်ရာကျော်အတွက် စာရေးခုံ၊ နေရာထိုင်ခင်း၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းများနဲ့ ဆရာ/ မ လုံလောက်မှုမရှိပဲ အဆင်ပြေသလိုသာ သင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် covid စည်းကမ်းနှင့်အညီသင်ကြားနိုင်ဖို့အတွက် လိုအပ်တဲ့ mask နှင့် လက်သန့်ဆေးရည်တွေလည်း လိုအပ်ချက်ရှိနေတယ်လို့ သင်ကြားပေးခဲ့တဲ့ စေတနာ့ဝန်ထမ်း ဆရာမတွေက ပြောပါတယ်။ https://www.kantarawaddytimes.org/?p=13674

**********************

## ၈။ ဖယ်ခုံမြို့နယ်အတွင်း PDF ပူးပေါင်းတပ်ဖွဲ့နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ (၁၁)နာရီဝန်းကျင်အကြာ တိုက်ပွဲဖြစ်ပွားခဲ့

August 15, 2021

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်နဲ့ ပင်လောင်းမြို့နယ်အကြား ပင်လုံကျေးရွာနဲ့ လွယ်ဟွဲကျေးရွာအနီးမှာ PDF ပူးပေါင်းတပ်နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ (၁၁)နာရီဝန်းကျင်အကြာ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ PDF- Pekhon က ဩဂုတ်လ (၁၅)ရက်နေ့မှာ သတင်းထုတ်ပြန်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ (၁၄)ရက်နေ့ နံနက် ၇ နာရီဝန်းကျင်မှာ ပင်လောင်းဖက်မှ လာတဲ့ အကြမ်းဖက်စစ်ကောင်စီတပ်ရဲ့ စစ်ကြောင်းနဲ့ PNO ပူးပေါင်းတပ်က ဖယ်ခုံမြို့နယ်အတွင်းရှိတဲ့ PDFတပ်ဖွဲ့များထံသို့ ဝင်ရောက်ကျူးကျော်ရန်မူပြီး စတင်တိုက်ခိုက်လာတဲ့အတွက် တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါ တိုက်ပွဲက (၁၁)နာရီဝန်းကျင် ကြာမြင့်ခဲ့တယ်လို့ သိရပါတယ်။ PDF ဖက်မှ ထိခိုက်ဒဏ်ရာရရှိသူ ၂ ဦးရှိပြီး အကြမ်းဖက်စစ်ကောင်စီပူးပေါင်းတပ်ဖက်မှ ထိခိုက်ဒဏ်ရာရရှိမှု သေဆုံးမှု မသိရသေးပေမယ့် များပြားနိုင်တာကြောင့် အကြမ်းဖက် စစ်ကောင်စီတပ်က အောင်ပန်းဖက်မှ စစ်ကူထပ်ခေါ်တယ်လို့ ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

အဆိုပါတိုက်ပွဲမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ဖယ်ခုံ)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ဒီးမော့ဆို)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(မိုးဗြဲ)၊ ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF)တို့ ပူးပေါင်းပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပါရှိပါတယ်။ https://www.kantarawaddytimes.org/?p=13669

*********************

## ၉။ တိုက်ပွဲကြောင့် မတိမ်းရှောင်နိုင်တဲ့ သက်ကြီးရွယ်အိုတစ်ဦး သေဆုံး

August 14, 2021

ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် အရှေ့ခြမ်းမှာ ယမန်နေ့ည (ဩဂုတ်လ ၁၃) ရက်နေ့ညမှာ အကြမ်းဖက်စစ်ကောင်စီတပ်နဲ့ ကရင်နီတပ်မတော် KA ၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF ပူးပေါင်းတပ်ဖွဲ့တို့ရဲ့ အခြေအနေ တင်းမာမှုကြောင့် ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူတွေ ညတွင်းချင်း ဘေးလွတ်ရာကို တိမ်းရှောင်ခဲ့ကြရပါတယ်။

မတိမ်းရှောင်နိုင်တဲ့ အသက် ၈၀ အရွယ် သက်ကြီးရွယ်အိုတစ်ဦး အသက်ရှုပ်ကြပ်ပြီး ယနေ့ ဩဂုတ်လ ၁၄ ရက်နေ့မှာ သေဆုံးသွားတယ်လို့ ဒေသခံတွေဆီကနေ သိရပါတယ်။

လက်ရှိမှာ တိမ်းရှောင်နေရတဲ့ ဒေသခံပြည်သူ သုံးထောင်ဝန်းကျင် ရှိနေပြီး ညတွင်းချင်းမှာ ကဗျာကယာ တိမ်းရှောင်ရတဲ့အတွက် စားနပ်ရိက္ခာ များများစားစား မသယ်ဆောင်နိုင်ခဲ့ဘူး လို့ သိရပါတယ်။

https://www.kantarawaddytimes.org/?p=13666

************************

## ၁၀။ လွိုင်ကော်အရှေ့ဘက်ရှိ စစ်ရှောင်စခန်းမှာ ကိုဗစ်ပိုးတွေ့ရှိသူ ၄၇ ဦးထိရှိလာ

August 14, 2021

ကရင်နီပြည်နယ် လွိုင်ကော်အရှေ့ဘက်ရှိ စစ်ရှောင်စခန်းမှာ ဒီကနေ့ ဩဂုတ်လ ၁၄ရက်နေ့အထိ ကိုဗစ်အတည်ပြုလူနာ ၄၇ ဦးတွေ့ရှိထားတယ်လို့ စစ်ရှောင်စခန်းက ကိုဗစ်လူနာတွေကို ကူညီပေးနေတဲ့ ဒေါက်တာတစ်ဦးက ပြောပါတယ်။ လက်ရှိအချိန်ထိ ပြင်းထန်လူနာ နှစ်ယောက်ရှိနေပြီး ကျန်လူတွေကတော့ ကျန်းမာရေး ကောင်းမွန်နေတယ်လို့ သူက ဆက်ပြောပါတယ်။

အဲ့ဒီစစ်ရှောင်စခန်းကို အသွားအလာကန့်သတ်ထားလိုက်ပြီး အတည်ပြု လူနာတွေကို သီးသန့်အဆောင်မှာ ထားရှိကုသနေတယ်လို့သိရပါတယ်။ ကိုဗစ်ရောဂါလက္ခဏာပြသူတွေကို RTP Tesk Kit တွေနဲ့စစ်ဆေးနေပေမယ့် ရောဂါလက္ခဏာမပြတဲ့ သူတွေကို မစစ်ပေးနိုင်ဘူးလို့ ဒေါက်တာတစ်ဦးက ပြောပါတယ်။

စစ်ရှောင်ပြည်သူတစ်ဦးက စစ်ရှောင်စခန်းမှာ ကိုဗစ်ပိုးတွေ့ပေမယ့် ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာနေတယ်လို့ ပြောပါတယ်။ စစ်ရှောင်စခန်းမှာ လူဦးရေ ၃ထောင်နီးပါးရှိနေပြီး လွန်ခဲ့တဲ့ ၃လက ဖွင့်လှစ်ခဲ့တာပါ။ ဩဂုတ်လ ၄ရက်နေ့မှာ ကိုဗစ်ပိုးစတင်တွေ့ရှိခဲ့ပြီး ပိုးတွေ့သူအများစုက လူငယ်ပိုင်းတွေဖြစ်တယ်လို့ သိရပါတယ်။

https://www.kantarawaddytimes.org/?p=13664

*********************

## ၁၁။ KNLA တပ်ရင်း(၁၉)ဒုရင်းမှူး ဗိုလ်မှူးစောဘလယ်စေး ကွယ်လွန်

August 16, 2021

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA တပ်မဟာ(၇)လက်အောက်ရှိ တပ်ရင်း(၁၉)မှ ဒုတပ်ရင်းမှူး ဗိုလ်မှူး စောဘလယ်စေး ဖ၄နှစ်သည် ဩဂုတ်လ ၁၅ရက် မနက် ဖနာရီခွဲခန့်တွင် ကိုဗစ်နိုင်တင်းရောဂါဖြင့် ကွယ်လွန် သွားခဲ့သည်။

ကွယ်လွန်သူ ဗိုလ်မှူးစောဘလယ်စေးသည် KNU-ကရင်အမျိုးသားအစည်းအရုံးက ပေးအပ်သော နှစ် ၄၀ပြည့် ကရင့် တော်လှန်ရေးတာဝန်ထမ်းဆောင်သူ ဂုဏ်ပြုခံစာရင်းတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့ က ကျင်းပပြုလုပ်ခဲ့သော နှစ်(၇၀)ပြည့် ကရင့်တော်လှန်ရေးနေ့ အခမ်းအနားတွင် ချီးမြှင့်ခံခဲ့ရသည်။ ၎င်း၏စျာပနကို ဖားအံခရိုင်၊ တပ်မဟာ(၇)နယ်မြေ မော်ပယ်ခိုကျေးရွာအနီးတွင် ကိုဗစ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြေမြှုပ် သင်္ဂြိုလ်ကာ အမိန့်စာပြန်ခြင်း၊ ခရစ်ယာန်ဘာသာအရ ဆုတောင်းပေးခြင်းဖြင့် ပြုလုပ်ခဲ့ ကြသည်။

ဆီးချိုအခံရှိသူ ဗိုလ်မှူးစောဘလယ်စေး ကွယ်လွန်ပြီးနောက် ဇနီးနှင့်သားသမီး ၃ဦး ကျန်ရစ်ခဲ့သော်လည်း လက်ရှိအ ချိန်တွင် ၎င်း၏ဇနီးနှင့် သမီးဖြစ်သူမှာလည်း အောက်စီဂျင်ပေးနေရသည့် အခြေအနေဖြင့် ကုသနေရဆဲဖြစ်သည်။

http://kicnews.org/2021/08/knla

******************

## ၁၂။ အာဏာနည်များ၏ ချမှတ်ထားသည့် လမ်းစဉ်အတိုင်း ယုံကြည်စွာ လျှောက်လှမ်းရန် KNLA ဒုစစ်ဦးစီးချုပ် တိုက် တွန်းပြောဆို

August 13, 2021

ယခင် အာဇာနည်ခေါင်းဆောင်များမှ ချမှတ်ထားခဲ့သည့် လမ်းစဉ်နှင့်ပန်းတိုင်အတိုင်း ယုံကြည်စွာ လျှောက်လှမ်းပါက တော်လှန် ရေး ရာနှုန်းပြည့်အောင်မြင်နိုင်ကြောင်း KNLA-ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက ယမန်နေ့ ညက အွန်လိုင်းပေါ် ကျင်းပသည့် ၇၁ နှစ်မြောက် ကရင့်အာဇာနည်နေ့ အထိမ်းအမှတ် အစီအစဉ်တွင် တိုက်တွန်းပြောဆိုသွားခဲ့သည်။

ထို့အပြင် လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် စစ်အာဏာသိမ်းမှုကြောင့် မိမိရန်သူ၏ မတည်ငြိမ်သည့် အခြေအနေများ ဖြစ်ပေါ်နေချိန် ယခုကာလတွင် အားလုံးအတွက် အခွင့်အခါကောင်းသည့် အခြေအနေတွင် ရှိနေ ပြီး သွားနေသည့်လမ်းကြောင်း မှားနေလျှင် ပြန်ပြင်ဆင်ပြီး တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည့် လွတ်မြောက်ရေး ပန်းတိုင်ကိုသာ သွားသင့်ကြောင်း လည်း KNLA ဒုတိယစစ်ဦးစီးချုပ်က ဆက်ပြောသည်။

စစ်အာဏာသိမ်းပြီးနောက် KNU တပ်မဟာထိန်းချုပ်နယ်မြေတချို့တွင် စစ်ကောင်စီတပ်နှင့် KNU လက်အောက်ခံ တပ်ဖွဲ့ဝင် များအကြား ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားနေစဉ်ကာလအတွင်း ထိုသို့ သဘောထား ထုတ်ပြန်ချက်များ ပေါ်ထွက် လာခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းလိုသည့် သဘောထားများကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းအပြင် နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးမှုအတွက် လမ်းဖွင့်ထားကြောင်း ဥက္ကဋ္ဌကြီးမှ ဆက်လက်ပြောဆိုထားသလို တစ်ဖက်တွင်လည်း မိမိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် ကာကွယ်သွားရမည်ဖြစ်ကြောင်း လည်း ဆက်လက်ပြောဆိုထားသည်။

http://kicnews.org/2021/08/

********************

## ၁၃။ ကရင်အချင်းချင်း သွေးမခွဲ၊ စိတ်ဝမ်းမကွဲကြရန် KNU ဝင်းရေးမြို့နယ်ဥက္ကဋ္ဌ တိုက်တွန်း

August 12, 2021

အမျိုးသားအရေး ဆောင်ရွက်သည့်နေရာတွင် ဘာသာရေး လူမျိုးရေးအရောင်ဆိုးခံရမှုကြောင့် ကရင်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ရသည့်အတွက် အထူးသတိထားဆောင်ရွက်ကြရန် ယနေ့ (ဩဂုတ်လ ၁၂ ရက်)ဝင်းရေးမြို့နယ် ခန်းမဆောင်၌ ကျင်းပသည့် ၇၁ နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားတွင် မြို့နယ်တာဝန်ရှိသူက တိုက်တွန်းပြောဆိုသည်။

မိမိတို့၏ စာပေယဉ်ကျေးမှု၊ အမျိုးသားရေးလက္ခဏာများနှင့် ခေါင်းဆောင်များ၏ ရှေ့ဆောင်လမ်းညွှန်မှုများကို သိရှိနားလည်ထားရမည်ဖြစ်ပြီး အချင်းချင်းသွေးမခွဲ၊ စိတ်ဝမ်းမကွဲကြရန် KNU ဝင်းရေးမြို့နယ် ဥက္ကဋ္ဌ ပဒိုစောမောင်ရွှေက ကေအိုင်စီသို့ ယနေ့ပြောဆိုသည်။

ကိုဗစ်စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ယနေ့ ကျင်းပသည့် ၇၁ နှစ်မြောက် ကရင့်အာဇာနည်နေ့အခမ်း အနားတွင် ကျဆုံးခဲ့သည့် ကရင်အာဇာနည်ခေါင်းဆောင်များကို လူမှုအဖွဲ့အသီးသီးမှ လွမ်းသူပန်းခွေများချပြီး အာဇာနည်နေ့ ဖြစ်ပေါ်လာခဲ့သည့် သမိုင်းအကြောင်းနှင့် သဝဏ်လွှာများကို ဖတ်ကြားခဲ့သည်။ http://kicnews.org/2021/08

**********************

## ၁၄။ ကန်ပက်လက်တွင် စစ်ကောင်စီမှ ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးနေ

AUGUST 16, 2021

ချင်းပြည်နယ်တောင်ပိုင်း၊ ကန်ပက်လက်မြို့တွင် ယမန်နေ့ ဩဂုတ်လ ၁၅ ရက်နေ့၌ စစ်ကောင်စီတပ်ဖွဲ့မှ နယ်မြေရှင်းလင်းရေးအကြောင်းပြပြီး သေနတ်များပစ်ဖောက်ခဲ့သည့်အပြင် ကန်ပက်လက်မြို့မှ ပြည်သူနှစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကာ လက်ရှိအချိန်အထိ ပြန်မလွှတ်ပေးသေးကြောင်း သိရသည်။

ယင်းနေ့ နံနက် ၁၁ နာရီဝန်းကျင်အချိန်ခန့်ကလည်း ကန့်သာရုံကျေးရွာအနီးတွင် အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်ထဲတွင်ရှိနေသော အသက် ၂ နှစ်အရွယ် ကလေးတစ်ဦးနှင့် ဖခင်ကို ကျည်ဆံထိမှန်ခဲ့ပြီး ဒဏ်ရာပြင်းထန်သောကြောင့် လက်ရှိတွင် မကွေးမြို့၊ ပြည်သူ့ဆေးရုံတွင် ဆေးကုမှုခံယူနေရသည်ဟုလည်း သိရသည်။ ထို့အပြင် ကန်ပက်လက်မြို့ အနောက်ရပ်ကွက်ရှိ မသန်စွမ်းသူတစ်ဦး၏ နေအိမ်အား စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ဝင်ရောက်ရှာဖွေပြီး ပစ္စည်းများကို ဖျက်ဆီးယူဆောင်ခဲ့သည့်အပြင် နေမကောင်း၍ အိပ်ယာထဲလဲနေသော အပြစ်မဲ့ပြည်သူတစ်ဦးကိုလည်း ရိုက်နှက်ကာ ငွေ ၃ သိန်း၊ ဆိုင်ကယ် ၁ စီး၊ ဖုန်း ၂ လုံးနှင့် အခြားပစ္စည်းများကိုလည်း ယူဆောင်သွားကြောင်း သိရသည်။

အလားတူ ပြီးခဲ့သည့် ဩဂုတ်လ ၆ ရက်နေ့ညတွင်လည်း ကန်ပက်လက်မြို့အတွင်း စစ်ကောင်စီတပ်ဖွဲ့က လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သောကြောင့် လူနေအိမ်များနှင့် မြို့မနှစ်ခြင်းဘုရားကျောင်း အဆောက်အအုံပျက်စီးမှုများ ရှိခဲ့သည်။

https://khonumthung.org/

## ၁၅။ ကလေးနှင့် ချင်းပြည်နယ် နယ်စပ်အနီး ယနေ့တိုက်ပွဲဖြစ်ပွားမှု စကစတပ်သား ၃ ဦးသေဆုံး

AUGUST 13, 2021

ကလေးမြို့နှင့် ချင်းပြည်နယ် နယ်စပ်တွင် အာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင်များနှင့် PDF (Kalay) တပ်ဖွဲ့များယနေ့ တိုက်ပွဲဖြစ်ပွားရာ စစ်ကောင်စီတပ်ဖက်မှ ၃ ဦးသေဆုံးပြီး PDF တပ်ဖွဲ့ဝင်တစ်ဦး အပေါ်ယံရှပ်ထိ ဒဏ်ရာရရှိကြောင်း သိရသည်။

တိုက်ပွဲအတွင်း PDF (Kalay) တပ်ဖွဲ့ဝင်များက စစ်ကောင်စီတပ်သား အနည်းဆုံး ၃ ဦးကို အသေပစ်ခတ်ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီး စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် PDF (Kalay) တပ်ဖွဲ့ဝင်တစ်ဦး အပေါ်ယံရှပ်ထိ ဒဏ်ရာရရှိခဲ့ပါသည်။

စစ်ကောင်စီတပ်ဖွဲ့များသည် နတ်ချောင်းကျေးရွာတွင် ဆက်လက်တပ်စွဲထားဆဲဖြစ်ရာ ထိတွေ့မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဖြစ်သောကြောင့် ကလေး-ဂန့်ဂေါအကြား ကားများ မှန်ချမောင်းနှင်သွားလာရန်နှင့် ဒေသခံပြည်သူများ လုံခြုံရေး အသိသတိရှိစွာဖြင့် နေထိုင်သွားလာရန် အသိပေးအပ်ခဲ့ကြောင်း သိရသည်။ https://khonumthung.org/

********************

## ၁၆။ UNICEF ၏ ထောက်ပံ့ပစ္စည်းများအား မင်းတပ်မြို့ပေါ် စစ်ဘေးရှောင်စခန်းတွင် စတင်ဖြန့်ဝေ

AUGUST 14, 2021

ချင်းပြည်နယ်တောင်းပိုင်း၊ မင်းတပ်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများတွင်ရှိသော မိခင်နှင့် ကလေးသူငယ်များအတွက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ထောက်ပံ့ပစ္စည်းများ မင်းတပ်မြို့ပေါ် စစ်ဘေးရှောင်စခန်းတွင် ယနေ့ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

မင်းတပ်မြို့ပေါ်တွင် စစ်ကောင်စီက ခွင့်ပြုထားသော စစ်ဘေးရှောင်စခန်း ၁၀ ခုခန့်ရှိသည်ဟုသိရပြီး စစ်ဘေးရှောင်စခန်းတွင် စာရင်းပြုစုချက်အရ အိမ်ထောင်စု ၁ ထောင်ကျော်နှင့် လူဦးရေ ၆ ထောင်ဝန်းကျင်ခန့်ရှိဟု သိရသည်။ သို့သော်လည်း ယင်းစစ်ဘေးရှောင်ပြည်သူများအစုမှာ နေအိမ်သို့ပြန်သွားကြပြီး လက်ရှိ Camp ၃ ခု ၄ ခုလောက်တွင်သာ စစ်ဘေးရှောင်ပြည်သူ အနည်းစုသာ နေထိုင်ကြကြောင်းလည်း သိရသည်။

ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် ဧပြီလကုန်ပိုင်းကစပြီး စစ်အာဏာသိမ်းမှုဆန့်ကျင် ကန့်ကွက်ဆန္ဒဖော်ထုတ်ကြသည့် ပြည်သူများအား စစ်ကောင်စီက အကြမ်းဖက် ဖမ်းဆီးပစ်ခတ်မှုရှိလာခြင်းကြောင့် မင်းတပ်မြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CDF-Mindat) ဖွဲ့စည်းကာ စစ်ကောင်စီတပ်ဖွဲ့နှင့် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့မှုကြောင့် ဒေသခံ တစ်သောင်းကျော်သည် ကျေးရွာနှင့် တောထဲသို့ အိုးအိမ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေကြရပြီး အကူအညီထောက်ပံ့မှု လိုအပ်လျှက်ရှိသည်။

https://khonumthung.org/

********************

**၁၇။ ၉-လကျော်ကြာငြိမ်သက်နေသောရခိုင်တွင် စစ်ရေးလှုပ်ရှားမှုများရှိလာ၍ တိုက်ပွဲများပြန်ဖြစ်မည်ကို ဒေသခံများစိုးရိမ်**

16 Aug, 2021

၉-လကျော်ကြာတိုက်ပွဲများမရှိ၍ ငြိမ်သက်နေသောရခိုင်တွင် စစ်ရေးလှုပ်ရှားမှုများရှိလာ၍ တိုက်ပွဲများ တစ်ကျော့ပြန်ဖြစ်လာမည်ကို ဒေသခံများ စိုးရိမ်နေကြသည်ဟု သတင်းရရှိသည်။ တစ်ဘက်တွင် ရက္ခိုင့်တပ်တော် (AA) ကလည်း နယ်မြေစိုးမိုးရေးအတွက် တည်ဆောက်မှုများ ရှိလာသည်ဟု ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ်က မြို့နယ်အတော်တော်များတွင် စစ်တပ်က အင်အားတိုးချဲ့မှုများရှိနေကြောင်း သတင်းများ ထွက်ပေါ်နေသလို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တည်ရှိရာ အမ်းမြို့သို့ လည်း ပြည်မဘက်မှ လက်နက် ခဲယမ်းအပြည့်အစုံဖြင့် တပ်မတော်ယာဉ်များ၊ အင်အားတိုးမြှင့်နေသည့် အတွက် ဒေသခံများ စိုးရိမ်မှု မြင့်တက်နေကြောင်း အမ်းမြို့မှ လူမှုရေးသမား ကိုမျိုးလွင်ကပြောသည်။

၂၀၁၉နှင့် ၂၀၂၀ နှစ်များအတွင်းက တိုက်ပွဲအပြင်းထန်ဖြစ်ခဲ့သော ကျောက်တော်မြို့နယ်တွင်လည်း ရေတပ်နေဗီများဖြင့် ရိက္ခာများ၊ လူအင်အားဖြည့်မှုများရှိနေသောကြောင့် စိုးရိမ်မှုများ ရှိနေကြသည်ဟု အမည်မဖော်လိုသူ ကျောက်တော်မြို့နယ် ဒေသခံတစ်ဦးက ပြောသည်။ အဆိုပါ စစ်ရေးလှုပ်ရှားမှုများ တိုးလာခြင်းနှင့်ပတ်သတ်လို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ ကိုမေးမြန်းဖို့ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်လို့မရရှိခဲ့ပါ။

https://burmese.narinjara.com/news/detail/611a9ec51002ba04798cd794

*********************

**၁၈။ ကျောက်တော်မြို့နယ် တောင်မင်းကုလားရွာစစ်ဘေးရှောင်စခန်းအနီးတွင် စစ်ပွဲလက်ကျန်ဗုံးသီးကြီးတစ်လုံးတွေ့၊ ကြောက်လန့်၍ ဒေသခံများဟင်းရှာထင်းခုတ်မသွားနိုင်ဘဲဖြစ်နေရ**

16 Aug, 2021

ကျောက်တော်မြို့နယ် တောင်မင်းကုလားရွာစစ်ဘေးရှောင်စခန်းအနီးတွင် စစ်ပွဲလက်ကျန် အမျိုးအမည်မသိ ဗုံးသီးကြီးတစ်လုံးတွေ့ကရှိရာမှ ဒေသခံများမှာ ကြောက်လန့်၍ ဟင်းရှာထင်းခုတ် မသွားနိုင်ဘဲဖြစ်နေရသည်ဟု သတင်းရရှိသည်။ ၎င်းဗုံးသီးမှာ အလွန်ကြီးမားပြီး ၂ ပေ၊ ၃ ပေခန့်ရှည်ကြောင်း၊ လုံးပတ်မှာ ၅ထွာပတ်လောက်ရှိကြောင်း၊ အနီးကပ်သွားမကြည့်ရဲသဖြင့် အရွယ်အစားပမာဏကို သေချာမသိကြောင်း စခန်းက အမျိုးသမီးနှင့် ကလေးတာဝန်ခံ ဒေါ်မအေးခင်းက ပြောသည်။

မိုးရာသီသည် မှျစ်၊ သခော်ာဥ (ရခိုင်အခေါ်)၊ အခြားဟင်းသီးဟင်းရွက်များမှာ ပေါများဆုံး အချိန် ကာလဖြစ်ပြီး ယခုနှစ်တွင် စျေးကောင်းရသော်လည်း မြေမြှုပ် မိုင်းနှင့် စစ်လက်နက် အကြွင်းအကျန်ပစ္စည်းများအန္တရာယ်ကို စိုးရိမ်၍ ဒေသခံများမှာ ဟင်းခူးဟင်းရှာ မသွားဝံ့ဘဲ ဖြစ်နေကြောင်း ပုဏ္ဏာကျွန်းမြို့နယ် အထက်မြတ်လှဲကျေးရွာက မခင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း စစ်ဘေးရှောင်စခန်းပေါင်း ၁၃၂ ခုရှိပြီး စခန်းများတွင် စစ်ဘေးရှောင်လူဦးရေ ၆၇၁၈၀ ကျော်ကျန်ရှိနေကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်များအစည်းအရုံး (REC)၏စာရင်းများတွင် ဖော်ပြသည်။

https://burmese.narinjara.com/news/detail/611a67341002ba04798cd792

## ၁၉။ နမ့်ခမ်း ကိုဗစ်ကူးစက်မှုနှုန်း လျော့ကျလာ

August 17, 2021

ယခင် ကိုဗစ် -၁၉ တတိယလှိုင်း စတင်ဖြစ်ပွားချိန်တွင် နမ့်ခမ်းမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်ရက်လျှင် (၁၀)ဦး စစ်ရင် (၁၀)ဦးကိုဗစ်ဖြစ်ခဲ့ပြီး၊ လက်ရှိမှာတော့ တရက်လျှင်(၅)ဦးခန့်သာ ကိုဗစ်ကူးစက်ခံလာကာ တချို့ ရက်တွင် ကိုဗစ် ကူးစက်ခံရသူ မရှိကြောင်း နမ့်ခမ်းပရဟိတ အဖွဲ့ဝင်တစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

ထို အတည်ပြု လူနာ လျော့ချလာရခြင်းသည် နမ့်ခမ်းဒေသခံများသည် ရပ်ကွက်တွင်း အသွားအလာ ကန့်သတ်ထား ထားခြင်း၊ အပြင်ထွက်နည်း ခြင်း တို့ဖြစ်ကြောင်း နမ့်ခမ်းဒေသခံ ပရဟိတ အဖွဲ့က သျှမ်းသံတော်ဆင့် ကိုပြောသည်။

ဩဂုတ် (၁၆) ရက်ထိ နမ့်ခမ်းပြည်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ အတည်ပြု လူနာ စုစုပေါင်း (၉၃၇) ဦး၊ ဆေးရုံမှ ဆင်းခွင့်ရသူ (၇၅၁) ဦး၊ လက်ရှိ ကုသဆဲ လူနာ(၁၃၃) ဦး နှင့် သေဆုံးသူ ( ၅၃) ဦးရှိကြောင်း စုံစမ်းသိရသည်။ နမ့်ခမ်းမြို့သည် ကူးစက်မြန် ကိုဗစ်-၁၉ တတိယလှိုင်းကို ဒေသခံ ပြည်သူများ များပြားစွာ ကူးစက်ခံရသဖြင့် စစ်ကောင်စီက Stay at Home သတ်မှတ်ထား ကြောင်းသိရသည်။ https://burmese.shannews.org/archives/23745

***********************

## ၂၀။ မိုင်းငေါ့စစ်ရှောင်စခန်းအနီး လက်နက်ကြီးကျ၊ စစ်ရှောင်နေရာပြောင်းရန် ပြင်ဆင်နေ

August 16, 2021

သျှမ်းမြောက် ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့ရှိ စစ်ရှောင်စခန်းအနီးတွင် ဩဂုတ်လ (၁၄)ရက်နေ့၊ မွန်းလွဲ (၃)နာရီခန့်က လက်နက်ကြီး တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် စစ်ရှောင်များ နေရာထပ်မံပြောင်းရန် ပြင်ဆင်နေကြောင်း စုံစမ်းသိရသည်။ မိုင်းငေါ့မြို့ မန်ပင့်ကျေးရွာ စာသင်ကျောင်းတွင် စစ်ရှောင်စခန်းဖွင့်လှစ်ထားတာဖြစ်ပြီး လက်နက်ကြီးကျ ရောက်ပေါက်ကွဲမှု ကြောင့် စစ်ရှောင်များ နေရာပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း ဒေသခံထံမှ သိရသည်။

ထိုနေ့တွင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် မဟာမိတ်တပ်များဖြစ်သည့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA)၊ တအာင်း (ပလောင်)အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ မိုင်းငေါ့နှင့်မန်ပင့်ကျေးရွာလမ်းခွဲအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ သည့်အတွက် မန်ပင့်စစ်ရှောင်စခန်းအနီး လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ ကောင်း ဒေသခံများက ပြောသည်။

မိုင်းငေါ့ရှိ စစ်ရှောင်များအပါအဝင် ကျောက်မဲမြို့နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သည့် RCSS/SSA နှင့် SSPP/SSA ၊ TNLA တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံတစ်ထောင်ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး စားနပ်ရိက္ခာများ လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။ https://burmese.shannews.org/archives/23726

******************

## ၂၁။ နမ့်စန် စကစ တပ် SSSG – PDF မှ တိုက်ခိုက်သည့်သတင်း ဌာနေ ပြည်သူ့စစ် မသိရှိ

August 16, 2021

နမ့်စန်မြို့ စစ်ကောင်စီတပ်ကို သျှမ်းတောင် SSSG – PDF မှဝင်ရောက်တိုက်ခိုက်သည့် သတင်းနှင့် ပက်သက်ပြီး နမ့်စန် အခြေစိုက် ပြည်သူ့စစ်များနှင့် ပြည်သူများက သိရှိခြင်း မရှိကြောင်း ၊ သေနတ်သံများလည်း မကြားရကြောင်း စုံစမ်းသိရသည်။

နမ့်စန်မြို့ရှိ စစ်ကောင်စီတပ်များ တံခါးပိတ် အစည်းအဝေးလုပ်နေစဉ် SSS-G က တိတ်တဆိတ် ဝင်ရောက် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်ကြီး တစ်ဦး အပါအဝင် ၁၀ ဦးထက်မနည်း သေဆုံးကြောင်း၊ စစ်ကောင်စီတပ်က စစ်ကူများခေါ်သဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရကြောင်း၊ SSS-G အဖွဲ့မှ ၁ ဦး ကျည်ဆံထိမှန်ခဲ့ပြီး မစိုးရိမ်ရ ကြောင်း SSS-G က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နမ့်စန် စစ်ကောင်စီ တပ်စခန်းအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် အတွက် လွယ်ကူသည့် ကိစ္စ မဟုတ်ကြောင်း၊ လုံခြုံရေး အရရော လက်နက်အင်အားအရပါ မလွယ်ကူကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် EAOs အဖွဲ့တောင်လုပ်ရန် မလွယ်ကူကြောင်း နမ့်စန်လူငယ်တစ်ဦးက သူ့၏အမြင်ကို ပြောသည်။ ထိုနည်းတူ သျှမ်းပြည် အတွင်းလည်း ပြည်သူ့ကာကွယ် ရေးတပ်များ ဖွဲ့စည်းတည်ရှိနေသော်လည်း လက်ရှိသတင်းထွက်ပေါ်နေသည့် SSSG-PDF တပ်ဖွဲ့သည် တကယ် ရှိ/မရှိ ကို ပြည်သူများက မှတ်ချက်အမျိုးမျိုးရှိနေကြောင်းလည်း သိရသည်။ https://burmese.shannews.org/archives/23739

*******************

## ၂၂။ ကိုဗစ် စစ်ဆေးရေးဂိတ်တွင် စစ်ကောင်စီတပ်သားများ သေနတ်ကိုင်ပြီးစောင့်

August 16, 2021

သျှမ်းပြည်တဝှမ်း ရှိ ကိုဗစ် ၁၉ စစ်ဆေးရေးဂိတ်နေရာများတွင် စစ်ကောင်စီ တပ်သားများက သေနတ်ကိုင်ပြီး ဂိတ်စောင့်နေ ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ တတိယလှိုင်းပြန့်ပွားမှုကြောင့် မြို့ဝင်၊မြို့ထွက် ကိုဗစ် -၁၉ စစ်ဆေး ရေးဂိတ်များ ပြန်ဖွင့်ခဲ့သော်လည်း စစ်ကောင်စီ တပ်သားများက သေနတ်ဖြင့် စောင့်နေလျက်ရှိကြောင်း သိရသည်။

စစ်တပ်က စောင့်ဆိုင်းမှုသည် သွားလာရာအတွက် လွယ်ကူသော်လည်း စိတ်ကြောက်လန့်မှုတော့ရှိကြောင်း ပင်လုံမြို့ ဒေသခံ တဦးက ပြောသည်။ ယခင်က NLD အစိုးရလက်ထက်တွင် ပရဟိတများ၊ စေတနာလူမှုကူညီရေးအဖွဲ့များက ကိုဗစ် ၁၉ စစ်ဆေးရေးဂိတ်တွင် စောင့်ပေးနေလျက်ရှိပြီး ယခု စစ်အာဏာသိမ်းယူပြီးနောက်ပိုင်းတွင် စစ်တပ်များကသာ လာရောက်စောင့် နေကြောင်း သိရသည်။

ယခင်က ကိုဗစ် ၁၉ ဒုတိယလှိုင်းတွင် တစ်နေရာနှင့် တနေရာသွားရာတွင် ရပ်ကွက်ထောက်ခံစာဖြင့် သွားလာကြရကြောင်း သိရသည်။ ထိုသို့ သွားလာရာတွင် မဖြစ်မနေသွားလာနေရသူများသာ သွားခွင့်ပေးလျက်ရှိကြောင်းသိရသည်။

https://burmese.shannews.org/archives/23736

*******************

## ၂၃။ ကျောက်မဲ နောင်ဆင်စစ်ရှောင် (၂)ဦး ကြိုးမိုင်းထိ (၁)ဦးဒဏ်ရာပြင်းထန်

August 14, 2021

သျှမ်းမြောက် ကျောက်မဲမြို့နယ် နောင်ဆင်ကျေးရွာတွင် ယမန်နေ့ ( ဩဂုတ် ၁၃)ရက် မွန်းလွဲ (၂)နာရီခန့် ၌ စစ်ရှောင်(၂)ဦး မိုင်းနင်းမိပြီး (၁)ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ ထိုမိုင်းနင်းမိသူများသည် ကျောက်မဲမြို့နယ် ပန်လင်ကျေးရွာအုပ်စု နောင်ဆင်ကျေးရွာတွင် ရောက်ရှိနေသည့် စစ်ရှောင်များဖြစ်ပြီး လက်ဖက်ခြံအနီး မှိုသွားရှာချိန်တွင် ကြိုးမိုင်းထိမိကာ ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဒဏ်ရာရသူမှာ ယာအေးစိန် (၄၀)နှစ်၊ မိုင်းအိုက်ညီ (၃၁)နှစ်တို့ဖြစ်ပြီး မိုင်းအိုက်ညီတွင် မျက်လုံးနှင့် ဗိုက်(ချက်အောက်)တွင် မိုင်းစနစ်ဝင်ကာ ပြင်းထန်ဒဏ်ရာရရှိထားကြောင်း၊ ယာအေးစိန်တွင် ခြေသလုံးနှင့် ခါးတို့တွင် ဒဏ်ရာရရှိထားတာဖြစ်ကြောင်း အဆိုပါ ဒေသခံထံမှ သိရသည်။

ထိုဒေသတွင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် တအာင်း(ပလောင်)အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့သည် ယနေ့ (ဩဂုတ် ၁၄)ရက်နေ့ တွင်လည်း တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။ ထိုတိုက်ပွဲကြောင့် ကျေးရွာအဝင်အထွက်လမ်းများလည်း ပိတ်ထားရပြီး ကျောက်မဲမြို့ပေါ်တွင်လည်း ကိုဗစ်ကူးစက်မှု မြင့်တက်နေသည့်အတွက် လူနာများ ဆေးကုသရန် ခက်ခဲနေကြောင်း ဒေသခံက ပြောသည်။ https://burmese.shannews.org/archives/23706

*******************

## ၂၄။ မိုင်းရယ်မြို့နယ်အတွင်း ချောင်းရေလျှံမှုကြောင့် လယ်ပေါင်းများစွာ ရေလွှမ်း

August 16, 2021

သျှမ်းပြည် မြောက်ပိုင်း လားရှိုးခရိုင် မိုင်းရယ်မြို့တွင် မိုးများ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချောင်းများ ရေလျှံကာ လယ်ကွက်ပေါင်းများစွာ ရေလွှမ်းမှုကြောင့် လယ်ပိုင်ရှင်များ ဒုက္ခရောက်နေ ကြရကြောင်း သတင်း သိရသည်။

နီးပါးသည် ရေကြီး ရေလျှံမှုများဖြစ်ပွားပြီး နားခိုကျေးရွာဖက်ရှိ နားခိုချောင်းသည်လည်း ချောင်း ရေလျှံတက်လာကာ ချောင်းဘေး တစ်လျှောက်ရှိ လယ်ကွက်များ အတွင်းရေဝင်သွားသည့်အပြင် လမ်းတံတားများ နစ်မြုပ်သဖြင့် နားခိုရွာသားများ သွားလာရေး ခက်ခဲနေကြောင်းသိရသည်။ ယခုနှစ်တွင် နိုင်ငံရေး အခြေအနေ နှင့် ရောဂါကူးစက်မှုကြောင့် လယ်ပိုင်ရှင်တချို့ လယ်များ မစိုက်ပျိုးနိုင်ကြကြောင်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းသဖြင့် မိုင်းရယ်မြို့နယ်အတွင်း လယ်ဧက ရာဂဏန်းများစွာ ရေလွှမ်းခံရသည့် အတွက် လယ်သမားအများအပြား ဒုက္ခရောက်နေကြသည်ဟု သိရသည်။ မိုင်းရယ်မြို့နယ်အတွင်း လွန်ခဲ့သည့် ၁၀ နှစ်ကျော် က တကြိမ်ရေလွှမ်းခံရပြီး ၁၀ စုနှစ်အတွင်း ယခုရေကြီးရေလျှံမှုသည် ဆိုးရွားမှုအများဆုံး ရေကြီးရေလျှံမှု ဖြစ်သည်ဟု ဒေသခံများကပြောသည်။
https://burmese.shannews.org/archives/23729

*******************

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **